# WASHINGTON Exposure Notifications

**Washington Exposure Notifications(ဝါရှင်တန် ထိတွေ့မှု အကြောင်းကြားစာများ)ဆိုတာဘာလဲ။**

Washington Exposure Notifications (WA Notify(ဒဗျူလူအေ အကြောင်းကြားစာ) ဟုလည်းသိကြသည့် (သည် ကိုဗစ် 19-ရောဂါပိုးနှင့် ထိတွေ့မိနိုင်ကြောင်း သတိပေးနိုင်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မမျှဘဲ စမတ်ဖုန်းမှတစ်ဆင့် အလုပ်လုပ်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် လုံးဝ လျှို့ဝှက်ဖြစ်ပြီး သင်ဘယ်သူလဲ၊ ဘယ်သွားခဲ့လဲ စသည်တို့ကို လုံးဝမသိသော၊ ခြေရာခံမလိုက်သော နည်းလမ်းဖြစ်ပါသည်။

**ဘယ်လိုအလုပ်လုပ်သလဲ။**

WA Notifyကို သင်ဖွင့်ထားပါက သင့်ဖုန်းသည် အနီးအနားရှိ WA Notifyဖွင့်ထားသော သူများ၏ ဖုန်းများနှင့် ကျပန်းဖြစ်သော မည်သူမှန်းမသိသော ကုဒ်များကို ဖလှယ်ပါသည်။ အက်ပ်စ်က Bluetooth Low Energy (BLE) (ဘလူးတုဒ် စွမ်းအင်နိမ့် (BLE)) နည်းပညာ ကို အသုံးပြုပြီး သင်ဘယ်သူမှန်းမသိစေဘဲ အဆိုပါကုဒ်များကို ဖလှယ်ပါသည်။ အကယ်၍ တစ်စုံတစ်ယောက်တွင် ကိုဗစ်-19 ရောဂါပိုး တွေ့ရှိလျှင် ပြည်သူ့ကျန်းမာရေးဌာန က ၎င်းတို့အား ဖုန်း သို့မဟုတ် မက်ဆေ့ချ်ပို့ပြီး ဆက်သွယ်မည်ဖြစ်ကာ ၎င်းတို့အား WA Notify အတည်ပြုလင့်ခ်ကို ထုတ်ပေးပါလိမ့်မည်။ ရောဂါပိုးတွေ့ထားသည့် အသုံးပြုသူက WA Notify ထဲတွင် ၎င်းတို့ရလဒ်ကို အတည်ပြုရန် လင့်ခ်ကို ကလစ်လုပ်ရပါမည် - မိမိဆန္ဒအလျောက်ဖြစ်သော်လည်း မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဥ်ဖြစ်ပါသည်။ WA Notify အသုံးပြုသူများသည် လွန်ခဲ့သည့် 14 ရက်အတွင်းက ကိုဗစ်-19 ရောဂါပိုးတွေ့ရှိထားသည့် အမည်မသိသူနားတွင် 15 မိနစ်ထက်ပိုပြီးနေခဲ့ပါက ကိုဗစ်-19 ရောဂါပိုးနှင့်ထိတွေ့မိနိုင်ကြောင်း အကြောင်းကြားစာတစ်ခုကို လက်ခံရရှိပါလိမ့်မည်။ အကြောင်းကြားစာများတွင် သင်ကိုယ်တိုင် နှင့် အခြားသူများကို ကာကွယ်ရန် ဘာဆက်လုပ်ရမလဲ အချက်အလက်များပါသည့် လင့်ခ်တစ်ခုပါပါသည်။ ၎င်းတို့တွင် ရောဂါပိုးတွေ့ရှိရသူအကြောင်း နှင့် ဘယ်နေရာတွင် ထိတွေ့ခဲ့သလဲအကြောင်းများ မပါဝင်ပါ။

**ထပ်မံလေ့လာလိုပါက WANotify.org ကို ဝင်ကြည့်ပါ။**

**၎င်းက ဘယ်လိုအကူအညီပေးနိုင်သလဲ။**

လေ့လာမှုများအရ Exposure notificationကို အသုံးပြုသူများလေလေ အကျိုးကျေးဇူးပိုများလေဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဝါရှင်တန်ပြည်နယ်တွင်းရှိ ကောင်တီ သုံးခုတွင် ပြုလုပ်သည့် အစမ်းလုပ်ဆောင်မှုများအရ WA Notify ကို အသုံးပြုသူအနည်းငယ်ရှိလျှင်လည်း ရောဂါပိုးကူးစက်ခံရမှု နှင့် သေဆုံးမှုကို လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လူလူချင်း ခပ်ခွာခွာနေခြင်း နှင့် လူနည်းနည်းသာစုနေခြင်းတို့ကဲ့သို့ပင် WA Notify သည် ကိုဗစ် 19-ရောဂါပိုးပျံ့နှံ့မှုကို ကာကွယ်နိုင်စေမည့် နောက်နည်းလမ်းတစ်ခုဖြစ်ပါသည်။

**ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ ကို ဘယ်လိုအကာအကွယ်ပေးထားသလဲ။**

WA Notifyသည် အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ကာကွယ်ရန် ဒီဇိုင်းရေးဆွဲထားသည့် Google Apple Exposure Notificationနည်းပညာကို အခြေခံထားပါသည်။ စနစ်သည် တည်နေရာ အချက်အလက် သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို Google၊ Apple၊ ဝါရှင်တန် ပြည်နယ် Department of Health(DOH) (ကျန်းမာရေး ဌာန(DOH)) သို့မဟုတ် အခြားအသုံးပြုသူများကို မျှမည် မဟုတ်ပါ။ ပါဝင်ခြင်း မပါဝင်ခြင်းမှာ မိတ်ဆွေ၏ ဆန္ဒအလျောက်သာ ဖြစ်ပါသည်။ အသုံးပြုသူများသည် မည်သည့်အချိန်တွင်မဆို အသုံးပြုခြင်း သို့မဟုတ် အသုံးမပြုတော့ခြင်းကို ပြုလုပ်နိုင်ပါသည်။

**ကျွန်ုပ်၏ ဖုန်းပေါ်တွင် WA Notify ကို ဘယ်လို ထပ်ရမလဲ။**

| **iPhone**ပေါ်တွင် Settings ထဲမှ Exposure Notificationsကို ဖွင့်လိုက်ပါ။ | **အန်းဒရွိုက် ဖုန်းပေါ်တွင်** |
| --- | --- |
| - Settingsသို့သွားပါ<br>- Exposure Notifcationsသို့ရောက်သည်အထိ ဆွဲချကြည့်ပါ<br>- Exposure Notifications"ကိုဖွင့်မည်" ပေါ်တွင် ဖိပါ<br>- အမေရိကပြည်ထောင်စု ကို ရွေးချယ်ပါ<br>- ဝါရှင်တန် ကို ရွေးချယ်ပါ | - Google Play Store သို့သွားပါ။<br>- Washington Exposure Notificationsအက်ပ်စ်ကို ဒေါင်းလုပ်ဒ်လုပ်ပါ |

**ဝါရှင်တန် က ဘာကြောင့် ဤနည်းလမ်းကို ရွေးချယ်ရသလဲ။**

ဝါရှင်တန်သည် လုံခြုံရေး နှင့် မြို့ပြလွတ်လပ်ခွင့် ကျွမ်းကျင်သူများ၊ အသိုင်းအဝိုင်းမျိုးစုံမှ အဖွဲ့ဝင်များ ပါဝင်သည့် ပြည်နယ်လေ့လာရေး အုပ်စုကို ဖွဲ့စည်းပြီး Apple/Google ဖြေရှင်းနည်းလမ်းကို လေ့လာခဲ့ပါသည်။ ထိုအုပ်စုက နည်းလမ်း၏ ယုံကြည်စိတ်ချရမှု၊ အကောင်းမွန်ဆုံး အချက်အလက် အကာအကွယ်ပေးနိုင်စွမ်း နှင့် အခြားပြည်နယ်များတွင် အသုံးပြုနိုင်မှုတို့အပေါ် အခြေခံပြီး အသုံးပြုရန် တိုက်တွန်းအကြံပေးထားပါသည်။